# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

"ကျွန်တော်တို့ ဆရာနှစ်ယောက်တည်းဖြင့် သင်ပြသင်ယူမှုပြုကြရသော ရှစ်တန်းကျောင်းသား၊ ကျောင်းသူများကို သင်ကြားမှုပိုပြီးထိရောက်စေရန်အတွက် ကျွန်တော်တို့ ဆရာနှစ်ဦးသည် ခါတိုင်းနှစ်တွေလို ညနေ ၄ နာရီဆို ကျောင်းပုံမှန်လွှတ်လေ့ရှိသော်လည်း ဤစာသင်နှစ်တွင်မူ ၅ နာရီထိုးပြီးမှသာ ကျောင်းလွှတ်တော့သည်။ ထို့ကြောင့် ကျွန်တော်တို့ ဆရာနှစ်ဦးသည် ကိုယ့်တပည့်များကို ရှစ်တန်းစာမေးပွဲဖြေရန် အသင့်ဖြစ်နေပြီဟု ခံယူထားကြပေသည်. . ."

**ယမန်နေ့မှအဆက်**

"ဟင် ဆရာဘညွန့်ပါလား"

"ဟုတ်တယ်၊ ခင်ဗျားဘယ်သူလဲ"

ကျွန်တော် ကြောက်ကြောက်ရွံ့ရွံ့ပြန်မေးလိုက်၏။

"ကိုဆိတ်လေ"

"ဟင်"

ကျွန်တော့်ရင်ထဲ ဝမ်းသာသလိုဖြစ်သွားသည်။

"ဒါဆိုဒီအိမ်က ကိုဆိတ်အိမ်လား"

"ဟုတ်တယ် ဒါကျွန်တော့်အိမ်ပဲလေ"

"ခုဆရာဘညွန့် ဒီမှာဘာလာလုပ်နေတာလဲ"

"ဗကပတွေ ကျွန်တော့်ကို လိုက်ရှာနေကြတာလေ"

"ဆရာကဘာတွေလုပ်မိလို့လဲ"

ကျွန်တော်တစ်ချက်တွေသွားသည်။

"ငပသုန်မှာပေ့ါဗျာ၊ ဒီလူတွေ ကျွန်တော့်ကို မတရားအနိုင်ကျင့်ပြီး ကျွန်တော်မွေးထားတဲ့ဝက်ကို သေနတ်နဲ့ပစ်သတ်ကြတယ်လေ။ အဲဒါ ကျွန်တော်စိတ်မထိန်းနိုင်တာနဲ့ လက်သီးနဲ့ထိုးခဲ့တာဗျ"

"ဟုတ်လား"

"ဒီရောက်တော့လည်း ကျွန်တော်ကအားသစ်လူငယ်စာဖတ်အသင်းဆိုပြီး စာကြည့်တိုက်တစ်ခု ဒီကလူငယ်တွေနဲ့ပေါင်းပြီး ထူထောင်လိုက်တာလေ"

ကျွန်တော့်မှာ စကားပြောသည်ဆိုသော်လည်း နှစ်ကိုယ်ကြားတိုးတိုးလေးသာ။

"အဲဒီမှာ ဒီလူတွေ ပိုပြီးဒေါသဖြစ်ကြပြန်ရော့ဗျာ"

ကိုဆိတ်ကတော့ ဘာမျှပြန်မပြော ကျွန်တော့်စကားကိုပဲ နားထောင်နေသည်။

"ခုဆို ကျွန်တော့်ကို သူတို့လိုက်ဖမ်းနေကြပြီလေ၊ မိရင်တော့ ဘယ်လွယ်မလဲဗျာ၊ ဟိုလကတောင် ကျေးတောရွာမှာ ဦးမောင်ပုဆိုတဲ့သူကိုဖမ်းပြီး ပစ်သတ်သွားကြတာလေ၊ ဟိုးအရင်တစ်လကလည်း စည့ွင်းရွာက ဦးမဲသာအောင်ကို သတ်သွားကြတယ်။ နောက်ပြီး ကျောက်ဖျာရွာကသန်းမောင်ကိုလည်း သူတို့သတ်လိုက်ကြတယ်လို့ကြားတယ်"

"နောက်ပြီးတော့ဗျာ ကျွန်တော်နဲ့ ခရီးစပ်တူသွားဖူးတဲ့ အမ်းမြို့နယ် ကျားခိုက်ရွာက ဦးမွှီးဖြူအောင်ကိုလည်း သစ္စာဖောက်ဆိုပြီး သတ်ပစ်လိုက်ကြတာတဲ့။ ကျွန်တော် ရင်ထဲမကောင်းလိုက်တာဗျာ"

"ဒီလူတွေကို သူတို့ဘာလို့သတ်ကြတာလဲ"

"ဒီလူတွေက အရင်ဗကပဆိုသူတွေလေ၊ နောက် သူတို့ အလင်းဝင်သွားတဲ့အခါမှာတော့ ဒီလူတွေကို ပါတီသစ္စာဖောက်ဆိုပြီး သူတို့လာသတ်သွားကြတာလေ"

ကျွန်တော့်မှာ စကားပြောနေသော်လည်း ကြောက်စိတ်ကတော့ ရင်နှင့်အမျှပြည့်နေတုန်း။

"ကဲကဲ ဒီညတော့ ဆရာဘညွန့် အေးအေးဆေးဆေးနေလိုက်တော့ သူတို့တွေ ထွက်သွားကြပါပြီ၊ ရွာမှာမရှိတော့ဘူး"

"သေချာတယ်နော်"

"ဆရာကလည်း ရွာကအထွက်မှာ ငါနဲ့ညွန့်မောင်ကိုခေါ်သွားလို့ ရွာတောင်ဘက်လှေဆိပ်အထိလိုက်ပို့လိုက်ရတာလေ"

"သူတို့အမာခံပါတီကျောရိုး လူကိုးဦးဆိုတဲ့သူတွေဆီမှာ ဆက်ကြေးလာယူကြတာနေမှာပေ့ါ"

"ဒါတော့ ငါလည်းမသိဘူး"

ကျွန်တော်သည် ရွာထဲပြန်မဝင်ဝံ့တော့ဘဲ ကိုဆိတ်အိမ်မှာပဲ အိပ်နေလိုက်တော့သည်။

■ ■ ■ ■ ■ ■ ■

**ဆရာကျင့်ဝတ်ဆိုတာ**

ကျွန်တော်တို့ ဆရာနှစ်ယောက်တည်းဖြင့် သင်ပြသင်ယူမှုပြုကြရသော ရှစ်တန်းကျောင်းသား၊ ကျောင်းသူများကို သင်ကြားမှုပိုပြီးထိရောက်စေရန်အတွက် ကျွန်တော်တို့ ဆရာနှစ်ဦးသည် ခါတိုင်းနှစ်တွေလို ညနေ ၄ နာရီဆို ကျောင်းပုံမှန်လွှတ်လေ့ရှိသော်လည်း ဤစာသင်နှစ်တွင်မူ ၅ နာရီထိုးပြီးမှသာ ကျောင်းလွှတ်တော့သည်။ ထို့ကြောင့် ကျွန်တော်တို့ ဆရာနှစ်ဦးသည် ကိုယ့်တပည့်များကို ရှစ်တန်းစာမေးပွဲဖြေရန် အသင့်ဖြစ်နေပြီဟု ခံယူထားကြပေသည်။

အဋ္ဌမတန်းစာမေးပွဲ ဖြေဆိုသွားရေးအတွက် ဆရာများနှင့်ကျောင်းသားမိဘများ အစည်းအဝေးတစ်ရပ်ပြုလုပ်ကြသည်။ ကျောင်းသားမိဘတစ်ယောက်က ထပြောသည်။

"ဆရာရေ ကျွန်တော့်သမီး မြို့ကို စာမေးပွဲသွားဖြေဖို့၊ တည်းဖို့ခိုဖို့ အသိအိမ်မရှိဘူးဗျ"

"ကျွန်မလည်းတစ်ခုတင်ပြချင်ပါတယ်။ ကျွန်မသား မြို့တက်စာမေးပွဲဖြေဖို့ စရိတ်လွယ်မှာမဟုတ်ဘူး၊ ကျွန်မသားကို စာဖြေစာရင်းက နုတ်ထားပေးပါဆရာ"

"ကျွန်တော့်သားကိုတော့ ကျောင်းဆက်မထားနိုင်တော့ဘူးဆရာ၊ လူပျိုပေါက်လေးလည်းဖြစ်လာပြီဆိုတော့ ပိုက်လှေလိုက်ဖို့ခေါ်ရတော့မယ်၊ ကျွန်တော့်အနေနဲ့ ဆယ်တန်းအောင်ဘွဲ့ရအထိလည်း မြို့ပို့ပြီး ကျောင်းထားပေးနိုင်မှာလည်း မဟုတ်ပါဘူး"

"ကျွန်မတို့မှာလည်း တလင်းသိမ်းမပြီးသေးတာနဲ့ သားနဲ့အတူမြို့လိုက်ရမယ်ဆိုရင် ဖြစ်နိုင်မယ်မထင်ဘူး၊ သားစာမေးပွဲမဖြေရရင်လည်းနေပါစေ၊ ကျွန်မမြို့လိုက်လို့ အဆင်ပြေမှာမဟုတ်ဘူး"

သူတို့ဘဝနှင့်သူတို့ ခံစားချက်များသည် နှလုံးသားအသီးသီးမှ ပွင့်အန်ထွက်လာကြသည်။ ကျွန်းစဉ်ဒေသသည် မြို့ပြနှင့် အလှမ်းဝေးလွန်းသဖြင့် မြို့ဆိုကျွန်းစဉ်သားတို့ကြောက်ကြသည်။ ကိုယ့်ဘဝနှင့် မြို့ပြ မည်သို့မျှဆက်စပ်မရဟု ကိုယ့်အတွေးနဲ့ကိုယ် ခဝါချနေကြသည်။ မြို့ဆို ကြောက်သလိုလို၊ ရွံ့သလိုလိုဖြစ်နေကြသည်။ မြို့အိမ်မှာဘယ်လိုလုပ်နေမှာတုန်း။ "မြို့သွားရင် ပိုက်ဆံတွေအများကြီးကုန်မှာ" "ငါတို့တော့ အဲလောက်မတတ်နိုင်ဘူး" စသည် စသည်ဖြင့် သားသမီးမြို့တက်ပြီး စာဖြေမည့်အရေးတွေးကြောက်နေကြသည်။ ကျောင်းသားမိဘတို့၏ထင်မြင်ချက်သဘောထားများကို ခြုံငုံသုံးသပ်ပြီး ကျွန်တော် ပြန်ပြောဖြစ်လိုက်မိသည်။

"ကြွရောက်လာကြတဲ့ ကျောင်းသားမိဘများခင်ဗျာ။ အကုန်လုံးပဲ တစ်ရွာတည်းသား ကိုယ့်ဆွေကိုယ့်မျိုးတွေပါပဲ ကျွန်တော် လက်တွေ့ဘဝနဲ့ပတ်သက်လို့ တင်ပြဆွေးနွေးပေးပါ့မယ်"

"ဒီကမိဘတွေပြောကြတဲ့ ဆန္ဒသဘောထားတွေကိုခြုံငုံပြီး ကျွန်တော်တင်ပြပါ့မယ်၊ ဒီနှစ်စာသင်နှစ်မှာ ကျွန်တော်တို့မှာ ဘွဲ့ရဆရာဆိုတာ ဆရာစာရင်းမှာ အမည်သာရှိပြီး တကယ်ဆရာမရှိပါဘူး၊ ဒီခေတ်မှာ တို့အရပ်က ဘွဲ့ရပညာတတ်ရှားပါးတာရယ်၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတာရယ်၊ ဒေသဖွံ့ဖြိုးမှုအားနည်းတာတွေကြောင့် ဘွဲ့ရတစ်ယောက်ကို ဒီလိုနေရာမျိုးကို ခေါ်လို့ရဖို့ဆိုတာမလွယ်ပါဘူး။ ဒါကြောင့် ဆရာဦးစောမောင်လှနဲ့ ကျွန်တော် နှစ်ယောက်တည်းပဲ နည်းနည်းနဲ့ကျဲကျဲဝိုင်းပြီး ကိုယ့်တပည့်တွေအစိုးရစစ် ရှစ်တန်းစာမေးပွဲကို ဖြေဆိုနိုင်အောင် အတတ်နိုင်ဆုံးကြိုးစားပြီး သင်ကြားပေးထားကြပါတယ်" **ဆက်လက်ဖော်ပြပါမည်။**

---

## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း ညှိနှိုင်းစည်းဝေး

ရန်ကုန် နိုဝင်ဘာ ၆

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာလ ၅ ရက်က အဆိုပါစေတီတော်ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးငွေအောင်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ရေးဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ ဦးဇော်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်ပြီး ရွှေသင်္ကန်းကပ်လှူပူဇော်ရေး ဦးစီးကော်မတီဝင်များနှင့် လုပ်ငန်းကော်မတီဝင်များက ရွှေသင်္ကန်းကပ်လှူပူဇော်ရန် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။ ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စေတီတော်အား ၂၀၁၈-၂၀၁၉ ခုနှစ်က ကပ်လှူပူဇော်ခဲ့သော ၉" x ၉" ပတ်လည်ရွှေစင်ရွှေပြားရွှေသင်္ကန်းတော်များမှာ ငှက်ပျောဖူးတော်တွင် ၆၈၂ ချပ်၊ သပိတ်မှောက်ပန်းဆွဲတွင် ၇၂၇ ချပ်၊ ခါးပတ်အရစ်နှစ်ရစ်တွင် ၂၈၆ ချပ်၊ ခေါင်းလောင်းတော်တစ်ခုလုံး ရွှေစင်ရွှေပြား ၂၆၆၈ ချပ် စုစုပေါင်း ရွှေစင်ရွှေပြား ၄၃၆၃ ချပ်နှင့် ရွှေဆိုင်းစုစုပေါင်း ၅၄၇၄ ဆိုင်းတို့ ကပ်လှူပူဇော်ခဲ့ကြောင်း သိရသည်။

ခင်မောင်တင်

---

## မအူပင်မြို့နယ်၌ ရှမ်းပြည်နယ်မှဝင်ရောက်လာသည့်ငရုတ်ပွမျှား အရောင်းအဝယ်ကောင်းမွန်နေ

မအူပင် နိုဝင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ရှမ်းပြည်နယ်မှဝင်ရောက်လာသည့် ငရုတ်ပွများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်နီနီဝင်း၏ပြောပြချက်အရ သိရသည်။

မအူပင်မြို့နယ်၌ ရှမ်းပြည်နယ်မှဝင်ရောက်လာသည့်ငရုတ်ပွများ ပြီးခဲ့သည့် အောက်တိုဘာလ တတိယပတ်မှစ၍ အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်ပြီး လက်ရှိတွင် တစ်ရက်လျှင် ပိဿာ ၁၅၀ ကျော်အထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"မအူပင်မြို့နယ်ကို ရှမ်းပြည်နယ်ကနေ ငရုတ်ပွတွေ ပုံမှန်ဝင်ရောက်မှုရှိပါတယ်။ စားသုံးသူလိုအပ်ချက်ကြောင့် အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိ တစ်ရက်တာရောင်းအားအနေနဲ့ ပိဿာ ၁၅၀ ကျော်ရှိပါတယ်"ဟု ဒေါ်နီနီဝင်းက ပြောသည်။

ရှမ်းပြည်နယ်မှ မအူပင်မြို့နယ်သို့ ငရုတ်ပွအပြင် လက်ဖက်ခြောက်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ချင်း စသည့်ကုန်ပစ္စည်းများကို ပုံမှန်တင်ပို့လျက်ရှိပြီး ငရုတ်ပွများ အရောင်းအဝယ်ကောင်းနေခြင်းကြောင့် ငရုတ်ပွစိုက်ပျိုးသူများ၊ ကုန်စည်သယ်ယူပို့ဆောင်သည့် လုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ လုပ်ငန်းအဆင်ပြေစွာ လည်ပတ်လုပ်ကိုင်နေရကြောင်း သိရသည်။

သုတကျော်

# မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (၂)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၆**


မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ (၂)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ **"မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက်ရပ်တည်မည်-MDD"** မှတ်တမ်းဗီဒီယိုကိုပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာနိုင်ငံရှိ ပုဂ္ဂလိကမီဒီယာကဏ္ဍ ရှင်သန်တိုးတက်ပြီး နိုင်ငံတော်၏တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် စတုတ္ထမဏ္ဍိုင်ပီသစွာ အထောက်အကူပြုပေးနိုင်ရန်ရည်ရွယ်ချက်ကောင်းများနှင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။

ယနေ့ခေတ်တွင် ဒစ်ဂျစ်တယ်ပလက်ဖောင်းကို အသုံးပြုပြီး သတင်းတု၊ သတင်းမှားများ ဖြန့်ဝေလျက်ရှိသည့်အတွက် နိုင်ငံတော်နှင့် ပြည်သူများ အကျိုးကို ရှေးရှုကာ ဝိုင်းဝန်းထိန်းသိမ်းပေးရန်နှင့် သတင်းမှန်များ ဖြန့်ချိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် စတုတ္ထဆုရရှိသည့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကိုယ်စားပြု ပိုက်ကျော်ခြင်းအားကစားသမားများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် "စွဲမက်ဖွယ်ရာ ပြည်မြန်မာ" Short Video ပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသည့် ဦးစီးအရာရှိနှင့် ဌာန Logo တံဆိပ်တီထွင်ဖန်တီးပေးခဲ့သည့် ညွှန်ကြားရေးမှူးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။



ဆက်လက်၍ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်က ဝန်ထမ်းများကို စားသုံးဆီ တစ်ပိဿာစီ ထောက်ပံ့ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဌာနဆိုင်ရာအကြီးအကဲများသည် တက်ရောက်လာကြသူများနှင့် နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။ (၅၀၀)

# ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်ရှိ အခြေခံပညာကျောင်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့လူမှုရေးဝန်ကြီး ဦးခင်မောင်ကြည်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငပုတောမြို့နယ် ရွှေမြကွင်း အခြေခံပညာ အလယ်တန်းကျောင်းနှင့် ငပုတောမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ဆရာ၊ ဆရာမများ၏တင်ပြချက်များအပေါ် လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောင်းစာကြည့်တိုက်သို့ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာကြည့်တိုက်ကို အကျိုးရှိထိရောက်အောင် အသုံးပြုနိုင်ရေးဆောင်ရွက်ရန်၊ ဘာသာရပ်အလိုက် စာအုပ်များ ပြည့်စုံစွာထားရှိရန်မှာကြားကာ ကျောင်းစာကြည့်တိုက်စနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ငပုတောမြို့နယ်ပညာရေးမှူးရုံး ဆောက်လုပ်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးကာ အဆောက်အအုံ အရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ်ချိန်ကာလအတွင်း ပြီးမြောက်ရေးတို့ကို မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ငပုတောမြို့နယ် အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်း (တောင်ပိုင်း)၊ သမ္မာဒေဝကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)၊ တောင်ကလေး အခြေခံပညာအထက်တန်းကျောင်းနှင့် ကျုံကူးအခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားသည်။

ထို့နောက်ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ သင်ကြားရေး၊ စီမံခန့်ခွဲရေးဆိုင်ရာများ၊ တည်ဆောက်ရေး၊ ကျောင်းဆောင်ပြင်ဆင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြား၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

# ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေးများနှင့်စပ်လျဉ်း၍ အသိပညာပေးသင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၆**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ကျင်းပသည့် Gender/ CEDAW/ NSPAW/ AGMSF/ UNSCR 1325 အသိပညာပေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့အောက်ရှိ ဦးစီးဌာနတို့မှ သင်တန်းသား၊ သင်တန်းသူ ၃၆ ဦး တက်ရောက်ခဲ့ကြသည်။






သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ကမ္ဘာတစ်ဝန်းလုံးတွင် ဆောင်ရွက်နေကြသည့် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီး အခွင့်အရေးများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်နေသည့် Gender/ CEDAW/ NSPAW/ AGMSF/ UNSCR 1325 လုပ်ငန်းစဉ်များကို သိရှိစေရန်နှင့် မိမိတို့ဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂက ချမှတ်ထားသည့် Sustainable Develop-ment Goals စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်အမှတ်(၅)ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းလည်းဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သော သင်တန်းမှရရှိသည့် ဗဟုသုတ၊ အသိပညာများကို လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ သင်ခန်းစာများ ရှင်းလင်းဆွေးနွေးခြင်း၊ အပြန်အလှန်မေးမြန်းခြင်းများဆောင်ရွက်လျက်ရှိပြီး သင်တန်းကို နှစ်ရက်တာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ (၅၀၀)

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး၊ အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

● **စာမျက်နှာ ၂၂ မှအဆက်**

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတို့မှာ တိုးတက်မှုတွေရှိလာတာပါ။




စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှာဆိုရင် CLMV နိုင်ငံတွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ၂၀၁၀ ပြည့်နှစ်မှာ ၈ ရာခိုင်နှုန်းမှသည် ၂၀၁၆ ခုနှစ်မှာ ၁၂ ရာခိုင်နှုန်းအထိတိုးတက်လာတာတွေ့ရပါတယ်။ ၂၀၂၃ ခုနှစ်အတွက် CLMV အဖွဲ့ရဲ့ ကုန်သွယ်မှုပမာဏက အမေရိကန်ဒေါ်လာ ၇၆၈ ဒသမ ၉ ဘီလီယံအထိရောက်ရှိခဲ့ပြီး ဒီပမာဏဟာ အာဆီယံအဖွဲ့တစ်ခုလုံးရဲ့ ကုန်သွယ်မှုပမာဏအနက် ၂၀ ဒသမ ၈ ရာခိုင်နှုန်းရှိတယ်လို့ စက်တင်ဘာလ ၁၈ ရက်မှာကျင်းပခဲ့တဲ့ (၁၆) ကြိမ်မြောက် CLMV စီးပွားရေးဝန်ကြီးများအစည်းအဝေး ထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားပါတယ်။

ဒါ့အပြင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုရင်လည်း ၂၀၂၂ ခုနှစ်ကနေ ၂၀၂၃ ခုနှစ်အတွင်း ၅ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာပါတယ်။ အဲဒီထဲမှာမှ လာအိုနိုင်ငံရဲ့တိုးတက်မှုဟာ ၁၈၀ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး ငွေကြေးပမာဏအားဖြင့်တော့ ဗီယက်နမ်နိုင်ငံက ဒေါ်လာ ၁၈ ဒသမ ၅ ဘီလီယံနဲ့ အမြင့်ဆုံးမှာရှိပါတယ်။

စီးပွားရေးဝန်ကြီးများအစည်းအဝေးမှာ CLMV လုပ်ငန်းဆောင်ရွက်မှုအစီအစဉ် ၂၀၂၅-၂၀၂၆ ကို သတ်မှတ်ပြဋ္ဌာန်းလိုက်ပါသေးတယ်။ အဲဒီအစီအစဉ်မှာတော့ နယ်ပယ်ခြောက်ခု ပေါင်းစုပါဝင်နေပါတယ်။ အဲဒါတွေက ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်ရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ ဒေသတွင်းကတိကဝတ်များကို အကောင်အထည်ဖော်ရေး၊ ကပ်ရောဂါပြန်လည်ထူထောင်ရေးအစီအစဉ်၊ CLMV ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဘောင်ကိုအကောင်အထည်ဖော်ရေးအစီအစဉ်နဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်တို့ပါပဲ။

အခုဆိုရင်မကြာခင်မှာ (၁၁)ကြိမ်မြောက် CLMV ထိပ်သီးအစည်းအဝေးကိုကျင်းပသွားဖို့ရှိနေပါတယ်။ ဒီအစည်းအဝေးမှာလည်း အဖွဲ့ဝင်နိုင်ငံများကြားဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်ပြီး လုပ်ငန်းအစီအစဉ်များအကောင်အထည်ဖော်ရေးအတွက် ဆွေးနွေးသွားကြမှာပါ။ ဒီလိုဆွေးနွေးမှုများနဲ့အတူ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုများမှတစ်ဆင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။

ဒီတော့ ကျွန်တော့်အနေနဲ့ အထက်မှာပြောခဲ့တဲ့ ကလျာဏမိတ္တဆိုတဲ့စကားကိုပြန်ဆက်ရရင် CLMV အဖွဲ့ဆိုတာကိုယ်တိုင်လည်းမိတ်ကောင်းဆွေကောင်းဖြစ်ပေးဖို့ကြိုးစားကြသလို ကလျာဏမိတ္တကိုရှာဖွေပေါင်းသင်းဖို့ ဆန္ဒပြင်းပြကြသူများဖြစ်တာကိုတွေ့ရပါတယ်။

ဒါကြောင့် ကလျာဏမိတ္တဆိုတာ လောကကောင်းကျိုးအတွက် မရှိမဖြစ်လိုအပ်တဲ့အရာဖြစ်တာနဲ့အညီ CLMV အဖွဲ့ဝင်နိုင်ငံများဟာလည်း တစ်ဦးနဲ့တစ်ဦး မိတ်ကောင်းဆွေကောင်းများအဖြစ် ပေါင်းသင်းဆက်ဆံခြင်းအားဖြင့် ကလျာဏမိတ္တကို အကြောင်းပြုလို့ စည်းလုံးညီညွတ်မှုနဲ့အတူ သာယာဝပြောသော အသိုက်အဝန်းဆီသို့ ဆက်လက်လျှောက်လှမ်းသွားကြနိုင်ပါစေကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါတယ်။ ။

**CLMV အဖွဲ့ဝင်နိုင်ငံများရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ဒေသတွင်းမှာ အောင်မြင်စွာပူးပေါင်းဆောင်ရွက်မှုအတွက် အလွန်ကိုပဲအရေးပါ။ ဒီလိုမျိုးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘယ်လိုနယ်ပယ်တွေမှာတိုးတက်မှုတွေရှိလာလဲဆိုရင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတို့မှာ တိုးတက်မှုတွေရှိလာ . . .**

# နတ်မောက်မြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းခြင်းဆောင်ရွက်နေမှုစစ်ဆေး

**နတ်မောက် နိုဝင်ဘာ ၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အမှတ်(၁)ခရိုင်ချင်းဆက်လမ်းမကြီးမှ ပေါက်ကံ-ရွှေပန်းတော ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းအား ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာလ ၆ ရက်တွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်မောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ-၃ (မြို့ပြ) ဒေါ်ရွှေစင်ဝင်းသူနှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် နတ်မောက်မြို့နယ် အမှတ်(၁)ခရိုင်ချင်းဆက်လမ်းမကြီးမှ ပေါက်ကံ - ရွှေပန်းတော ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်စွက်မှာကြားသည်။



အဆိုပါ ကျေးရွာချင်းဆက်လမ်းမှာ အရှည် ၆ ဖာလုံ၊ အကျယ် ၁၈ ပေ၊ ၈ လက်မထုကျောက်ချောခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၈၀ ဒသမ ၁၅ သန်းဖြင့် မိုးမခသဇင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး၏ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **သန်းလွင်(မကွေး)**

# စားဖိုဆောင်သီးနှံ ဟင်းသီးဟင်းရွက် ဧက ၇၄၀၀ ကျော် လျာထားစိုက်ပျိုးမည်

**ကန့်ဘလူ နိုဝင်ဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်လျက်ရှိရာ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ ဟင်းသီးဟင်းရွက် ၇၄၂၆ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ဆောင်းသီးနှံ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးရာတွင် ဒေသခံတောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်နှင့် အထွက်နှုန်းကောင်းမွန်စေရန်အတွက် စိုက်နည်းစနစ်များမှန်ကန်စေရန်၊ စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများ အချိုးကျမှန်ကန်စွာသုံးတတ်စေရန်၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရန်နည်းလမ်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ခံကွင်းဝန်ထမ်းများက နယ်မြေအလိုက်ကွင်းဆင်းပြီး တောင်သူများနှင့်ပူးပေါင်း၍ ပံ့ပိုးကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကန့်ဘလူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံ ဟင်းသီးဟင်းရွက်များဖြစ်သည့် ပန်းဂေါ်ဖီ၊ ကိုက်လန်၊ နံနံ၊ ဆူးပုပ်၊ တိုင်ထောင်ပဲ၊ မုန်လာ၊ မုန်ညင်း၊ ခရမ်းချဉ်၊ ခရမ်း၊ ရုံးပတီစသည့် သီးနှံများကိုစိုက်ပျိုးမည်ဖြစ်ပြီး တောင်သူများအနေဖြင့် စားဖိုဆောင်သီးနှံဟင်းသီးဟင်းရွက်များကို ရာသီအလိုက် မိသားစုတစ်နိုင်တစ်ပိုင်အဖြစ်လည်းကောင်း၊ စီးပွားဖြစ်အနေဖြင့်လည်းကောင်း စိုက်ပျိုးကာ တစ်ဖက်တစ်လမ်းမှ မိသားစုစီးပွားရေးအဆင်ပြေစေရေး နှစ်စဉ်ပိုမိုစိုက်ပျိုးလုပ်ကိုင်လျက်ရှိကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



# ရွှေတောင်မြို့နယ်၌ အဓိကသီးနှံ ၁၀ မျိုး၏ ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိသော ထူးချွန်တောင်သူများအားဆုပေးပွဲကျင်းပ

**ရွှေတောင် နိုဝင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာလ ၆ ရက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၂၀၂၃-၂၀၂၄ ခုနှစ် အဓိကသီးနှံ ၁၀ မျိုး၏ ပန်းတိုင်အထွက်နှုန်းကျော်လွန်ထွက်ရှိသော ထူးချွန်တောင်သူများအား ဆုပေးပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ခုနှစ် အဓိကသီးနှံ ၁၀ မျိုး၏ ပန်းတိုင်အထွက်နှုန်းကျော်လွန်ထွက်ရှိသော ထူးချွန်တောင်သူ ၁၀ ဦးတို့အား ဆုပေးခြင်းနှင့် စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူဆု ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခြင်းတို့ဆောင်ရွက်ကြောင်း သိရသည်။ **ကိုကိုမင်း(ပြန် /ဆက်)**

# ဖိလစ်ပိုင်က အမြန်သွားကင်းလှည့်ရေယာဉ်အစင်း ၄၀ ဝယ်ယူမည်



မနီလာ၊ စစ်ရေး

ဖိလစ်ပိုင်နိုင်ငံက ၎င်း၏ကမ်းရိုးတန်းများကိုကာကွယ်နိုင်ရေးအတွက် အမြန်သွားကင်းလှည့်ရေယာဉ် အစင်း ၄၀ ကို ဝယ်ယူသွားမည်ဖြစ်ကြောင်းသိရသည်။

အမေရိကန်ဒေါ်လာ သန်း ၄၅၀ ကုန်ကျမည့် အဆိုပါရေယာဉ်များဝယ်ယူနိုင်ရေးအတွက် သမ္မတဖာဒီနန်မားကို့ဂျူနီယာဦးဆောင်သော အမျိုးသားစီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့က ခွင့်ပြုပေးလိုက်ခြင်းဖြစ်ပြီး ထိုရေယာဉ်များကို ပြင်သစ်အစိုးရ၏ထောက်ပံ့ငွေဖြင့် ဝယ်ယူသွားမည်ဖြစ်သည်။

တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့နှင့် ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့တို့ကြား အငြင်းပွားရေပိုင်နက်၌ တင်းမာမှုများမြင့်တက်နေစဉ် ဖိလစ်ပိုင်ကအဆိုပါရေယာဉ်များကိုဝယ်ယူရန်စီစဉ်လာခြင်းဖြစ်သည်။

ပြီးခဲ့သည့်လများအတွင်း တောင်တရုတ်ပင်လယ်၌ တရုတ်ကမ်းခြေစောင့်တပ်ဖွဲ့နှင့် အငြင်းပွားမှုများကြောင့် ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့မှ ရေယာဉ်အချို့ပျက်စီးမှုများရှိကြောင်းသိရသည်။

Ref: SCMP

# ဂျပန်၏ ကမ္ဘာ့ပထမဆုံးသစ်သားဂြိုဟ်တု နိုင်ငံတကာအာကာသစခန်းသို့ရောက်ရှိ


တိုကျို၊ နည်းပညာ

ဂျပန်နိုင်ငံကတီထွင်ဖန်တီးထားသည့် ကမ္ဘာ့ပထမဆုံးသစ်သားဂြိုဟ်တုသည် ယခုအခါ နိုင်ငံတကာအာကာသစခန်းသို့ ရောက်ရှိသွားပြီဖြစ်ကြောင်း သိရသည်။ အဆိုပါဂြိုဟ်တုကို နိုဝင်ဘာလ ၅ ရက်တွင် SpaceX ၏ Dragon ကုန်တင်အာကာသယာဉ်ကသယ်ဆောင်သွားခြင်းဖြစ်သည်။

ထိုဂြိုဟ်တုကို LignoSat ဟုအမည်ပေးထားပြီး အနားလေးလက်မမျှသာရှိသော ကုဗတုံးတစ်ခုမျှသာဖြစ်သော်လည်း ၎င်းကိုစမ်းသပ်မှုမှထွက်ပေါ်လာမည့်ရလဒ်က အလွန်ကြီးမားသည်ဟု သုတေသနပညာရှင်များကပြောသည်။

အထူးသဖြင့် အလူမီနီယံကိုအဓိကထားအသုံးပြုထားသည့် သမားရိုးကျဂြိုဟ်တုများက သက်တမ်းကုန်ဆုံးပြီး ကမ္ဘာမြေပြင်ပေါ်သို့ပြန်ကျလာသည့်အခါ လေထုနှင့်ပွတ်တိုက်မှုကြောင့် မီးလောင်ပြီးအလူမီနီယံအောက်ဆိုက်များကိုထွက်ပေါ်လာစေသည့်အပြင် အိုဇုန်းလွှာကိုလည်း ပျက်စီးစေနိုင်သည်။

LignoSat ကဲ့သို့ တတိုင်းမွှေးအပင်မှ သစ်သားကိုအသုံးပြုထားသည့် ဂြိုဟ်တုများမှာ ကမ္ဘာမြေပြင်ပေါ်သို့ပြန်ကျချိန်၌ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမည်မဟုတ်ကြောင်းသိရသည်။ Ref: Space



❑ ကျောဖုံးမှအဆက်

ထောက်ခံမဲ ၂၇၇ မဲဖြင့်အသာစီးရရှိနေခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကမ်မလာဟဲရစ်မှာ ထောက်ခံမဲ ၂၂၄ မဲသာရရှိထားသည်ကိုတွေ့ရသည်။ ရာခိုင်နှုန်းအားဖြင့် ဒေါ်နယ်ထရမ့်က ၅၁ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ကမ်မလာဟဲရစ်ကို ဦးဆောင်နေခြင်းဖြစ်သည်။

ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိနိုင်ရန်ထောက်ခံမဲအရေအတွက် ၂၇၀ အထိရရှိရန်လိုအပ်သောကြောင့် ထရမ့်အနေဖြင့် ယခုရွေးကောက်ပွဲတွင် အနိုင်ရသွားပြီဟုဆိုနိုင်ခြင်းဖြစ်သည်။

ထို့ပြင် မဲရေတွက်နေဆဲဖြစ်သောကျန် ရှိသည့်ပြည်နယ်ငါးခုအနက် လေးခုဖြစ်သည့်နီဗားဒါး၊ အရီဇိုးနား၊ အလက်စကာနှင့် မီချီဂန်ပြည်နယ်တို့တွင် ထရမ့်က ဟဲရစ်ကိုဦးဆောင်နေသည်။

ထရမ့်က ၎င်းအနေဖြင့်ရွေးကောက်ပွဲတွင်အနိုင်ရရှိပြီဟု ကြေညာမှုအပြီးတွင် ယူကရိန်းသမ္မတ၊ အစ္စရေးဝန်ကြီးချုပ်နှင့် အခြားကမ္ဘာ့ခေါင်းဆောင်များက ထရမ့်ကိုဂုဏ်ယူကြောင်း ပြောထားသည်။

အလားတူ ရုရှားသမ္မတဟောင်းမက်ဗီဒက်က ထရမ့်၏ရွေးကောက်ပွဲအနိုင်ရရှိမှုသည် ယူကရိန်းအတွက်စိုးရိမ်စရာကိစ္စတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း ပြောထားသည်။

Ref: Google

## သတင်းတိုကဏ္ဍ

### ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်း၌ ကင်ဆာကြောင့်သေဆုံးသူ နှစ်ဆနီးပါးမြင့်တက်နိုင်

၂၀၅၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာတစ်ဝန်း၌ ကင်ဆာရောဂါကြောင့်သေဆုံးသူဦးရေမှာ နှစ်ဆနီးပါးမြင့်တက်လာနိုင်ကြောင်း ဩစတြေးလျသုတေသနဌာနတစ်ခုက နိုဝင်ဘာလ ၆ ရက်တွင်ထုတ်ပြန်သည်။

၂၀၂၂ ခုနှစ်တွင် ကင်ဆာကြောင့်သေဆုံးသူ ၉ ဒသမ ၇ သန်းရှိရာမှ ၂၀၅၀ ပြည့်နှစ်အရောက်တွင် ၈၉ ဒသမ ၇ ရာခိုင်နှုန်းတိုးကာ သေဆုံးသူ ၁၈ သန်းခွဲအထိ ရောက်ရှိလာနိုင်သည်ဟု သုတေသနဌာနကခန့်မှန်းထားခြင်းဖြစ်သည်။

ထို့ပြင် ကင်ဆာရောဂါဖြစ်ပွားသူမှာ ၂၀၂၂ ခုနှစ်တွင် သန်း ၂၀ ရှိရာမှ ၂၀၅၀ ပြည့်နှစ်အရောက်တွင် ၃၅ ဒသမ ၃ သန်းအထိ ၇၆ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များကထုတ်ပြန်ထားသည်။

ကွင်းစလန်းတက္ကသိုလ်မှသုတေသနပညာရှင်များက ကုလသမဂ္ဂကမျှော်မှန်းထားသည့် ၂၀၅၀ ပြည့်နှစ်တွင်ရှိနိုင်သောလူဦးရေစာရင်းအပေါ်အခြေခံ၍ ခန့်မှန်းတွက်ချက်ထားခြင်းဖြစ်သည်။

Ref: Xinhua

### တိုင်ဖွန်းယင်းရှင်း အလွန်အားကောင်းပြီးမှ ဖိလစ်ပိုင်ကုန်းတွင်းပိုင်းသို့ဝင်မည်

ဖိလစ်ပိုင်ပင်လယ်ပြင်၌ဖြစ်ပေါ်လျက်ရှိသည့် တိုင်ဖွန်းမုန်တိုင်းယင်းရှင်းသည် အလွန်အားကောင်းပြီးမှ ဖိလစ်ပိုင်ကုန်းတွင်းပိုင်းသို့ ဝင်မည်ဖြစ်ကြောင်း မိုးလေဝသဌာနကထုတ်ပြန်ထားသည်။

ထိုမုန်တိုင်းသည် လက်ရှိတွင် ဖိလစ်ပိုင်နိုင်ငံ အရှေ့မြောက်ပိုင်း၌ဖြစ်ပေါ်နေခြင်းဖြစ်ပြီး နိုဝင်ဘာလ ၇ ရက်ညနေပိုင်းတွင် နိုင်ငံမြောက်ပိုင်းရှိ ကုန်းတွင်းပိုင်းသို့ ဝင်မည်ဖြစ်သည်။

မုန်တိုင်းအနေဖြင့် ကုန်းတွင်းပိုင်းမှဖြတ်ကျော်စဉ် လေတိုက်နှုန်းသည် တစ်နာရီလျှင် မိုင် ၁၂၀ နှုန်းအထိရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။

ထို့နောက် ယင်းမုန်တိုင်းသည်ဖိလစ်ပိုင်နိုင်ငံအနောက်ပိုင်းရှိ ပင်လယ်ပြင်သို့ပြန်လည်ထွက်ခွာကာ ဗီယက်နမ်နိုင်ငံသို့ဆက်လက်ဦးတည်သွားနိုင်ခြေရှိသည်။

တစ်ချိန်တည်းမှာပင် မုန်တိုင်းတိုက်ခတ်နိုင်ခြေရှိမှုနှင့် ပတ်သက်၍ ဟောင်ကောင်ကလည်း သတိပေးချက်ထုတ်ပြန်ထားသည်။ Ref: ANN

### ဗီယက်နမ်၌ တိုက်လေယာဉ်တစ်စင်းပျက်ကျ လေယာဉ်မှူးနှစ်ဦးပျောက်ဆုံး

ဗီယက်နမ်နိုင်ငံ၌ နိုဝင်ဘာလ ၆ ရက်တွင် အမောင်းသင်တိုက်လေယာဉ်တစ်စင်းပျက်ကျမှုဖြစ်ပွားရာ လေယာဉ်မှူးနှစ်ဦးပျောက်ဆုံးနေကြောင်း ကာကွယ်ရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

တိုက်လေယာဉ်မှူးနှစ်ဦးသည် ဘင်ဒင်းပြည်နယ်အလယ်ပိုင်း၌ အမောင်းသင်ပျံသန်းနေစဉ်ရာသီဥတုဆိုးဝါးသောအခြေအနေ၌လေယာဉ်ကိုဆင်းသက်ရန်ကြိုးပမ်းခြင်းဖြစ်သည်။

သို့သော် လေယာဉ်အဆင်းဘီးများက မကျလာသည့်အတွက် အရေးပေါ်လုပ်ဆောင်ရသည်များကို လုပ်ဆောင်ခဲ့သော်လည်း မအောင်မြင်ခဲ့ရခြင်းဖြစ်ကြောင်း၊ လေယာဉ်မှူးများသည် လေထီးဖြင့်ခုန်ထွက်လိုက်နိုင်သော်လည်း လက်ရှိတွင် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ယခုအခါ လေတပ်မှတာဝန်ရှိသူများက ဝေဟင်၊ မြေပြင်မှနေ၍ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်နေကြောင်း သိရသည်။

Ref: RTA

### ရုရှားအထက်လွှတ်တော်က မြောက်ကိုရီးယားနှင့် မဟာဗျူဟာမြောက်မိတ်ဖက်ပူးပေါင်းမှုကိုအတည်ပြု

ရုရှားအထက်လွှတ်တော်က ရုရှားအစိုးရနှင့်မြောက်ကိုရီးယားအစိုးရတို့သဘောတူလက်မှတ်ရေးထိုးထားသည့် ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ပူးပေါင်းမှုကိုနိုဝင်ဘာလ ၆ ရက်တွင် အတည်ပြုလိုက်ကြောင်းသိရသည်။

ရုရှားသမ္မတဗလာဒီမာပူတင်က ဇွန်လတွင် မြောက်ကိုရီးယားနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း အဆိုပါသဘောတူစာချုပ်ကို လက်မှတ်ထိုးခဲ့ခြင်းဖြစ်သည်။ ထိုသဘောတူစာချုပ်တွင် တစ်နိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲရေးကို တစ်နိုင်ငံက လေးစားမှုရှိရမည်ဟူသော မူဝါဒအပေါ်အခြေခံ၍ သဘောတူစာချုပ်ကို လက်မှတ်ထိုးကြခြင်းဖြစ်သည်။

ထို့ပြင် တစ်နိုင်ငံက အခြားတစ်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်မှုမပြုရေးက အရေးအကြီးဆုံးသောအချက်ဖြစ်ကြောင်းနှင့် ဗဟုဝင်ရိုးကမ္ဘာ့အစီအစဉ်ကိုဖန်တီးဖော်ဆောင်ရန် ရည်မှန်းကြောင်း အဆိုပါသဘောတူညီချက်တွင်ဖော်ပြထားသည်ဟုသိရသည်။

Ref: Sputnik

